၂-၇-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စက်သုံးဆီ(တစ်လီတာ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော့မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane 95 | Octane 92 | ဒီဇယ် (ရိုးရိုး) | အဆင့်မြင့်ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၅၀ | ၂၉၈၀ | ၂၈၄၅ | ၂၆၅၀ | ၃၀၈၅ | ၄၈၀၀၀၀၀ | |
| ၂ | လားရှိုး | ၃၇၀၀ | | ၇၂၀၀ | ၂၀၀၀၀ | ၆၄၅၀ | ၂၉၀၅ | ၂၇၇၀ | ၂၅၇၅ | ၃၀၁၀ | ၄၄၉၂၅၀၀ | |
| ၃ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၃၈၅၀ | ၃၇၀၀ | ၃၈၀၀ | ၃၈၁၀ | ၄၅၀၃၀၀၀ | |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၂၈၉၅ | ၂၇၆၀ | ၂၅၆၅ | ၃၀၀၀ | ၄၅၀၂၅၁၄ | |
| ၅ | လွိုင်ကော် | | | | | | | | | | | |
| ၆ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၃၀၀ | ၂၈၅၅ | ၂၇၂၀ | ၂၅၃၀ | ၂၉၆၅ | ၄၇၀၀၀၀၀ | |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၅၁၀၀ | ၁၇၀၀၀ | ၆၁၀၀ | ၂၈၇၀ | ၂၇၃၅ | ၂၅၄၅ | ၂၉၈၀ | ၅၂၅၀၀၀၀ | |
| ၈ | ထားဝယ် | ၃၆၆၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၂၈၈၀ | ၂၇၄၅ | ၂၅၅၅ | ၂၉၉၀ | ၅၃၄၀၀၀၀ | |
| ၉ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၀၀ | ၃၄၀၀ | ၃၃၀၀ | ၃၄၀၀ | ၃၄၅၀ | ၅၃၄၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၅၇၈၅ | ၂၇၉၀ | ၂၆၅၅ | ၂၄၆၅ | ၂၈၉၅ | ၄၄၉၀၉၂၆ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၂၈၅၀ | ၂၇၁၅ | ၂၅၂၀ | ၂၉၅၅ | ၅၃၀၀၀၀၀ | |
| ၁၂ | စစ်တွေ | | | | | | | | | | | |
| ၁၃ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၃၃၁၅ | ၃၁၈၀ | ၂၉၈၅ | ၃၄၂၀ | ၅၂၂၀၀၀၀ | |
| ၁၄ | မုံရွာ | ၃၃၀၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၆၆၀၀ | ၂၈၉၅ | ၂၇၅၅ | ၂၅၆၅ | ၃၀၀၀ | ၄၄၉၂၅၀၀ | |
| ၁၅ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၆၀၀၀ | ၆၂၃၅ | ၂၈၆၅ | ၂၇၃၀ | ၂၅၄၀ | ၂၉၇၅ | ၄၄၈၀၅၀၀ | |
| ၁၆ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၄၀၀၀ | ၆၃၀၀ | ၂၈၇၀ | ၂၇၃၅ | ၂၅၄၀ | ၂၉၇၅ | ၄၉၀၀၀၀၀ | |
| ၁၇ | မကွေး | ၃၃၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၂၈၇၀ | ၂၇၃၅ | ၂၅၄၀ | ၂၉၇၅ | ၄၅၁၅၀၀၀ | |
| ၁၈ | ပြည် | ၃၁၀၀ | | ၅၆၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၂၇၅၅ | ၂၆၂၀ | ၂၄၆၀ | ၂၈၉၅ | ၄၉၃၀၀၀၀ | |
| ၁၉ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၉၀၀ | ၂၈၀၀ | ၂၆၆၅ | ၂၄၇၀ | ၂၉၀၅ | ၄၅၅၀၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၆၂၅၀ | ၁၅၄၀၀ | ၅၇၀၀ | ၂၈၄၅ | ၂၇၁၀ | ၂၅၂၀ | ၂၉၅၀ | ၄၄၉၀၉၂၉ | |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၆၂၅၀ | ၁၆၀၀၀ | ၅၇၀၀ | ၂၈၄၅ | ၂၇၁၀ | ၂၅၂၀ | ၂၉၅၀ | ၄၄၉၀၉၂၉ | |
| ၂၂ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၃၂၄၁ | ၃၁၀၉ | ၂၉၂၄ | ၃၃၄၅ | ၄၈၅၀၀၀၀ | |

**Source:** ပြည်တွင်းဌာနခွဲ




## အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ်ကို ပြင်ဆင်ခြင်း၊ သက်တမ်းတိုးခြင်းတို့နှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း






အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ်ကို ပြင်ဆင်ခြင်း၊ သက်တမ်းတိုးခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်မှစ၍ www.ecomreg.gov.mm မှတစ်ဆင့် လျှောက်ထားဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ခ) အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလျှောက်ထားချိန်တွင် မှတ်ပုံတင် လက်မှတ်ပါ အချက်အလက်များ ပြောင်းလဲမှုရှိပါက ပြင်ဆင်ခြင်းလုပ်ငန်းစဉ်ကို ဦးစွာဆောင်ရွက်ပြီးမှသာ သက်တမ်းတိုးခြင်းကို ဆောင်ရွက်ရမည်၊

(ဂ) ပြင်ဆင်ကြေးနှင့် သက်တမ်းတိုးကြေးများကို ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ ၁၇/၂၀၂၃ ပါ အတိုင်း ပေးသွင်းရမည်၊

(ဃ) အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလျှောက်ထားရာတွင် သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ လျှောက်ထားနိုင်သည်။

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

## သတင်းခေါင်းစဉ်များ

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၃

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**ပြည်တွင်း၊ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၄

၂။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ခြင်း

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၅

၃။ ယာဉ်လိုင်းဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၄။ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှု အခြေအနေ

၅။ ၂၀၂၄ ခုနှစ်၊ မေလအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၇

၆။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း

၇။ ၂၀၂၄ခုနှစ်၊ မေလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၈။ ၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၁

၉။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ်ကို ပြင်ဆင်ခြင်း၊ သက်တမ်းတိုးခြင်းတို့နှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း

၁၀။ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၁။ ၂၀၂၄ ခုနှစ်၊ မေလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

၁၂။ လူတိုင်းကျန်းမာစွာ နေထိုင်ဖို့ ဓာတုစားသောက်ကုန်ရှောင်ကြစို့

**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၁၈

၁၃။ ဓာတ်ခွဲခန်းအလိုက် မေလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

**ကုန်သွယ်မှုကဏ္ဍ** ၁၉

၁၄။ ဆန်တန်ချိန် ၅၀ သို့မဟုတ် စပါးတင်း ၅၀၀၀ နှင့်အထက် သိုလှောင်သည့် ဆန်စပါး သိုလှောင်ရုံပိုင်ဆိုင်သူများအနေဖြင့် မဖြစ်မနေ မှတ်ပုံတင်ဆောင်ရွက်ပေးကြရန် ထပ်မံအသိပေး

၁၅။ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ



## သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### ဓာတ်ခွဲခန်းအလိုက် မေလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

သတင်းအချက်အလက် နည်းပညာနှင့်အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၄ ခုနှစ်၊ မေလအတွင်း လုပ်ငန်းရှင်ပေါင်း ၄၄ ဦးက အပ်နှံလာသော သီးနှံအမျိုးအစား ၁၃ မျိုး၊ စုစုပေါင်းနမူနာအရေအတွက် ၁၁၇ ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၂၉၈ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် လယ်ယာထွက်ကုန်ပို့ကုန်များအား ဂျပန်၊ စင်ကာပူနှင့် နယ်သာလန်နိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ထောပတ်ပဲ၊ ပဲတီစိမ်း၊ ပဲစာဥ၊ ပဲယင်း၊ ပဲလွန်း၊ ဂျုံစေ့၊ စွန်တာနီ၊ နှမ်းညို၊ ပဲယင်းနီ၊ မတ်ပဲ၊ ဆန်ကွဲနှင့် တိရစ္ဆာန်အစာတို့၏ ရူပနှင့်ဓာတုအရည်အသွေး၊ ပိုးသတ်ဆေးကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှုစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလာသည့် စားအုန်းဆီများ၏ အရည်အသွေးများကိုလည်းကောင်း ဓာတ်ခွဲစမ်းသပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးကြွင်းဆိုင်ရာဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု ၇၀ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု ၁၃ ခု၊ ဆီနှင့်ဆီထွက်သီးနှံ ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု ၂၀၅ ခုနှင့် သီးနှံ (ဓာတု) ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု ၁၀ ခု စုစုပေါင်းဓာတ်ခွဲစမ်းသပ်မှု (၂၉၈) ခု ဆောင်ရွက်နိုင်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**Source:** သတင်း/နည်း

## ကုန်သွယ်မှုကဏ္ဍ

### ဆန်တန်ချိန် ၅၀ သို့မဟုတ် စပါးတင်း ၅၀၀၀ နှင့်အထက် သိုလှောင်သည့် ဆန်စပါးသိုလှောင်ရုံ ပိုင်ဆိုင်သူများအနေဖြင့် မဖြစ်မနေ မှတ်ပုံတင်ဆောင်ရွက်ပေးကြရန် ထပ်မံအသိပေး

ပြည်တွင်းဆန်စပါးဖူလုံရေး၊ ပြည်ပသို့ စနစ်တကျ တင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးနှင့် ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျ စာရင်းပြုစုမှတ်ပုံတင်ထားနိုင်ရေး၊ သိုလှောင်ရုံကုန်အပ် လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို ဖော်ဆောင်နိုင်ရေးတို့အတွက် ပြည်တွင်း၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဆန်စပါးသိုလှောင်ရုံလုပ်ငန်းများအနေဖြင့် Online Registration စနစ်ဖြင့် Myanmar Rice Online (MyRo)-www.myro.com.mm တွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှစတင်၍ မှတ်ပုံတင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့အထိ Myanmar Rice Online (MyRo)- www.myro.com.mm တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီများ၏ သိုလှောင်ရုံအရေအတွက် ၂၁၃ လုံး၊ တစ်ဦးချင်းလုပ်ငန်းရှင်များ၏ သိုလှောင်ရုံ ၅၁၃ လုံး၊ စုစုပေါင်းသိုလှောင်ရုံ အရေအတွက် ၇၂၆ လုံး မှတ်ပုံတင်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းအလို့ငှာ ဆန်တန်ချိန် ၅၀ သို့မဟုတ် စပါးတင်း ၅၀၀၀ နှင့်အထက် သိုလှောင်သည့် ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူများအနေဖြင့် မိမိတို့၏ သိုလှောင်ရုံများကို Myanmar Rice Online (MyRo)- www.myro.com.mm တွင် မဖြစ်မနေ မှတ်ပုံတင်ဆောင်ရွက်ပေးကြပါရန် ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**Source:** ပြည်တွင်း

*စာမျက်နှာ ၁၇ မှအဆက်*

ပြုလုပ်ရာလည်း ငါးအရိုးဆွေး မြေ့စေရန် ဓါတ်မြေဩဇာများကို ထည့်သွင်းပြုလုပ်ထားကြောင်း သိရှိရပါသည်။

လူအများစားသုံးသည့် မုန့်ဟင်းခါးဖတ်၊ ပဲပြား၊ နွားနို့နှင့်ချက်နို့ဆီတို့တွင်ကြာရှည်ခံအောင် ဖော်မလင် ထည့်ခြင်း၊ အစားအစာများကို မပုပ်မသိုး၊ မဆွေးမြေ့စေဘဲ တာရှည်အထားခံနိုင်အောင် အမျိုးမျိုးပြုပြင်ဖန်တီးလာကြသည်နှင့်အမျှ ဓာတုပစ္စည်းများ၏ အန္တရာယ်ကြောင့်ဖြစ်ပွားသည့် ရောဂါဘယပေါင်းစုံမှာလည်း တစ်နေ့တစ်ခြားတိုးပွားလျက်ရှိနေပါသည်။ မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကို စားသုံးရာတွင် ဓာတုပစ္စည်းအန္တရာယ်ကင်းရှင်းစေရန်အတွက် ဂေါ်ဖီထုပ်၊ ပန်းမုန်လာ ကဲ့သို့အထပ်ထပ်ပါသော အရွက်များကို စားသုံးမည်ဆိုပါက ၎င်းတို့ကို အိမ်သုံး ဆားဖြင့် အချိန် အနည်းငယ်စိမ်၍ ဆေးကြောခြင်း၊ ထို့အပြင် နေ့စဉ် ဟင်းသီးဟင်းရွက်များကို အစိမ်းစားခြင်းထက် ရေနွေးဖြင့် ပြုတ်၍ စားခြင်းကအစားအစာတွင် ပါဝင်နိုင်သော ပိုးသတ်ဆေးဓာတ်ကြွင်းများကို လျော့ချစေနိုင် ပါသည်။ ပိုးသတ်ဆေးဓာတ်ကြွင်းများကြောင့် မျက်စိဝေဝါးခြင်း၊ ခေါင်းကိုက်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ တက်ခြင်း၊ ပျို့အန်ခြင်းတို့ကို ခံစားရစေနိုင်ပါသည်။ဉာဏ်များသော မိမိတို့လူမျိုးများ လုပ်လေ့ရှိသည့် စရိုက်တစ်ခုမှာလည်း စားသောက်ကုန်ပစ္စည်းများကို အလေးချိန်တိုးလာစေရန် အတွက် ပြုလုပ်နည်းများဖြစ်ပါသည်။ ဥပမာအားဖြင့် နွားနို့ကို ရေရောရာတွင် သိပ်သည်းဆများစေရန် ဆားထည့်ခြင်း၊ မှျင်ငပိ အလေးချိန်တိုးစေရန် ကော်ထည့်ခြင်း၊ တန်ဖိုးကြီးသော ထောပတ်ထဲသို့ တန်ဖိုးနည်းသော ဟင်းသီးဟင်းရွက်ဆီခဲရောခြင်း၊ သကြားတွင် ဆေးသကြားရောခြင်း၊ ရှာလကာရည်တွင် အက်ဆစ်ရောခြင်း၊ လက်ဖက်ခြောက်တွင် အခြားအရွက်ခြောက်များ ရောခြင်းဖြင့် မူလအလေးချိန်ထက် တိုးပွားလာစေပါသည်။ ထို့သို့ ဓာတုပစ္စည်းများဖြင့် ရောနှောပြုလုပ်ထားသည့် စားသောက်ကုန်များကို စားသုံးရန်မသင့်ကြောင်း လွန်ခဲ့သော ငါးနှစ်ကျော်၊ ခြောက်နှစ်ခန့်ကလည်း စားသုံးသူရေးရာဦးစီးဌာနက အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းဖြင့် စားသုံးရန်မသင့်သောအစားအသောက်များ ဓာတု ဆေးစားသောက်ကုန်များကို စားသုံးခြင်းမပြုကြရန် စာသင်ကျောင်းများ၊ အသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာမှပြည်သူများ၊ တပ်ရင်းတပ်ဖွဲ့များ၊ သင်တန်းကျောင်းများ၊ ဘုန်းတော်ကြီးပညာသင်ကျောင်းများ၊ ဌာနဆိုင်ရာများသို့ ကွင်းဆင်းလှည့်လည်ဟောပြောခဲ့သည်မှာ အတော်အတန်ပင် ထိရောက်ခဲ့ပါသည်။ သို့ရာတွင် ကိုဗစ်-၁၉ အလွန်၌ စားသုံးသူပြည်သူများမှာ ကုန်ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် ဈေးပေါပေါနှင့်ရရှိသော အစားအသောက်များအားပြန်လည် စားသုံးလာကြသကဲ့သို့၊ ထုတ်လုပ်သူများကလည်း အရည်အသွေးမမီသော ကုန်ပစ္စည်းများအား တင်သွင်း/ဖြန့်ဖြူးရောင်းချခြင်းများ ပြုလုပ်လာကြပါသည်။စားသုံးသူများအနေဖြင့် အရသာကို ဦးစားပေးခံစားခြင်းထက် ကျန်းမာရေးကို ဦးစားပေး၍ စားသုံးတတ်သော လူနေမှုဘဝပုံစံကို ကြိုးစားကျင့်ယူရန် လိုအပ်ပါသည်။ လူတိုင်းကျန်းမာမှ အလုပ်ကောင်းကောင်း လုပ်နိုင်မည်ဖြစ်ပြီး ဘဝတွင် ပျော်ရွှင်စွာ နေထိုင်နိုင်မည် ဖြစ်သောကြောင့် လူတိုင်းကျန်းမာစွာနေထိုင်နိုင်ရန် အတွက် ဓာတုစားသောက်ကုန်များအား စားသောက်ခြင်းမှ ရှောင်ကြည်ကြပါစို့ဟု တိုက်တွန်းရင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

**Source:** ရှမ်းပြည်နယ်ဦးစီးမှူးရုံး



# မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

## စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ

စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့်စီးပွားရေး လုပ်ငန်းရှင်တို့ အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် စားသုံးသူရေးရာ ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ ကော်မတီများ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို အနည်းဆုံးသုံးလလျှင် တစ်ကြိမ်ကျင်းပရမည်ဖြစ်ရာ ၂၀၂၄ ခုနှစ်၊ မေလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ၁၄-၅-၂၀၂၄ ရက်နေ့တွင် လည်းကောင်း၊ကရင်ပြည်နယ်စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၁၇-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ၁၈-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၁-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၃-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ကချင်ပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ၂၄-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၉-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ၊ပဲခူးတိုင်းဒေသကြီး နှင့် ချင်းပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၃၀-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းစည်းအဝေးကို ၃၁-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး စုစုပေါင်း (၁၁) ကြိမ် ကျင်းပနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

# ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

## စားသုံးသူကာကွယ်ရေးဆိုင်ရာ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့

စားသုံးသူကာကွယ်ရေးဆိုင်ရာ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ဖိလစ်ပိုင် နိုင်ငံ၊ မနီလာမြို့၌ ၂၀၂၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှ မေလ ၁၇ ရက်နေ့ထိ ကျင်းပပြု

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

စာမျက်နှာ ၃ မှအဆက်

လုပ်ခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဦးဆောင်ကျင်းပသည့် ဩစတေးလျနိုင်ငံ၊ အမျိုးသားအဆင့်နည်းပညာအသုံးပြုလိမ်လည်မှုတိုက်ဖျက်ရေးစင်တာ (National Anti-Scam Center) မှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း (၂) ဦး အပါအဝင် အခြားအာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက In Person တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ကိုယ်စားလှယ်များက Online မှတစ်ဆင့် တက်ရောက်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဩစတြေးလျနိုင်ငံ အမျိုးသားအဆင့်နည်းပညာအသုံးပြု လိမ်လည်မှုတိုက်ဖျက်ရေးစင်တာ (National Anti-Scam Centre) ကို တည်ထောင်ထားရှိမှုအခြေအနေ၊ နည်းပညာသုံးလိမ်လည်သူများ (Scammer) များ၏ စားသုံးသူများသို့ လိမ်နိုင်သည့် နည်းလမ်းများအား ကြားဖြတ်တားဆီးခြင်း အစီအမံများ၊ လိမ်လည်ခံရသူများ (Victims) များ၏ တိုင်ကြားမှုများအပေါ် အခြေခံလျက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ လိမ်လည်သူများ၏ ဘဏ်စာရင်းများအား ပိတ်သိမ်းခြင်း၊ နည်းပညာသုံးလိမ်လည်မှုစာရင်းသတိပေးချက် (Scam alert) များ ကြေညာသည့် နည်းလမ်းများ၊ စင်ကာပူနိုင်ငံ၏ နည်းပညာအသုံးပြု လိမ်လည်မှု တိုက်ဖျက်ရေးမဟာဗျူဟာများ၊ ယင်းလိမ်လည်မှုများမှ ရှောင်ကြဉ်ရန် လိုအပ်သည့် အသိပညာဗဟုသုတများအား စားသုံးသူများသို့ အသိပညာပေးသည့် နည်းလမ်းများနှင့် ယင်းလိမ်လည်မှုများအား တိုက်ဖျက်ရာတွင် အဓိကကျသည့် အဖွဲ့အစည်းများ (Stakeholder) အကြား ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုအခြေအနေများ စသည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းရောင်းဝယ်မှုကဏ္ဍနှင့် ငွေကြေးကဏ္ဍတို့တွင် နည်းပညာအသုံးပြုလိမ်လည်မှုများ အများဆုံးတွေ့ရပြီး လိမ်လည်မှုအမျိုးအစားပေါ်မူတည်၍ ဝန်ကြီးဌာနအလိုက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊

အဆိုပါ အွန်လိုင်းလိမ်လည်မှုများ လျော့နည်း ပပျောက်စေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ စားသုံးသူများအနေဖြင့် နည်းပညာအသုံးပြု လိမ်လည်မှုများမှ ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ပေးရန်၊ နည်းပညာအသုံးပြုလိမ်လည်မှုများနှင့်ပတ်သက်၍ စားသုံးသူများသိရှိပြီး အန္တရာယ်မှ ရှောင်ကြဉ်နိုင်ရန်အတွက် သိသင့်သိထိုက်သည့် အချက်အလက်များ၊ အသိပညာဗဟုသုတများအား စားသုံးသူများသို့ အသိပညာပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ စားသုံးသူများ၏ ငွေကြေးဆုံးရှုံးမှုများ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာဆုံးရှုံးမှုများအား ကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း သတင်းရရှိပါသည်။

**Source:** အာဆီယံ



## လူတိုင်းကျန်းမာစွာ နေထိုင်ဖို့ ဓာတုစားသောက်ကုန် ရှောင်ကြစို့

လူသားများ အသက်ရှင်နေထိုင်နိုင်ရေးအတွက် နေ့စဉ်စားသုံးနေသည့် အစားအစာများတွင် ခန္ဓာကိုယ်ကြီးထွားမှုနှင့် ပြုပြင်မှုတို့အတွက် လိုအပ်သော စွမ်းအင်ကို ရရှိစေသည့် အသားဓါတ်(Protein)၊ အဆီဓါတ် (Fat)၊ ကစီဓါတ်(Carbonhydrates)တို့ ပါဝင်ပြီး ခန္ဓာကိုယ်ကြီးထွားမှုနှင့် ပြုပြင်မှုတို့အတွက် အသားဓါတ်(Protein)၊ သတ္တုဓါတ် (mineral) ၊ ရေ (Water) နှင့် ခန္ဓာကိုယ်ကမ္မဖြစ်စဉ်များအတွက် လိုအပ်သော ဗီတာမင် (Vitanim) အစရှိသော သဘာဝဓာတုပစ္စည်း (Chemicals) ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်း ကျန်းမာရေးစာစောင်များတွင် ဖတ်ရှုမှတ်သားခဲ့ရဖူးပါသည်။ ထိုကဲ့သို့ လူတို့၏ ခန္ဓာကိုယ်ဇီဝကမ္မဖြစ်စဉ်များကို ထိန်းသိမ်းပေးရန်အတွက် သဘာဝ ဓာတုပစ္စည်းများဖြစ်သည့် အသားဓါတ်၊ သတ္တုဓါတ်၊ ရေနှင့် ဗီတာမင်တို့ကို ညီညွတ်မျှတအောင် စားသောက်နေထိုင်မှသာ လူ့လောကမှာ ကျန်းမာအသက်ရှည်ရှင်သန်ရပ်တည်နိုင်မည်ဖြစ်ပါသည်။ သို့သော်ယနေ့ခေတ်ကာလတွင် အစားအစာများ၌ မူလသဘာဝအားဖြင့် ပါဝင်သော ဓာတုပစ္စည်းများအပြင်၊ ပြင်ပမှ ဝင်ရောက်လာသော ဓာတု ပစ္စည်းများရှိသကဲ့သို့ လူတို့၏ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တမင်ထည့်ပေးထားသည့် လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုသော ဓါတ်မြေဩဇာများ၊ ပိုးသတ်ဆေးများသည် ကောက်ပဲသီးနှံနှင့် ဟင်းသီးဟင်းရွက်များအတွင်းသို့ ရောက်ရှိနိုင်သကဲ့သို့ မွေးမြူရေးတိရစ္ဆာန်များအတွက် သုံးသော ပဋိဇီဝဆေးများ သည်လည်း အသား/ ငါးများတွင် ပါလာနိုင်ပြီး၊ ထုပ်ပိုးပစ္စည်းများဖြစ်သော ပလပ်စတစ်မှ ထွက်သည့် ဓာတုပစ္စည်းများသည်လည်း အစားအစာများထဲသို့ ရောက်ရှိလာနိုင်ပါသည်၊ စားသုံးသင့်သော မူလအစားအစာပုံစံများကို ကျော်လွန်ပြီး အရောင်၊ အနံ့ အရသာ ပိုမိုကောင်းမွန်စေဖို့အတွက် ဓာတုပစ္စည်းများကို သုံးစွဲလာခြင်းကြောင့် နောက်ဆက်တွဲပြဿနာများကိုလည်း တွေ့ကြုံရင်ဆိုင်နေရပါသည်။ အထူးသဖြင့် မိမိတို့ လူမျိုး တို့သည် အစားအစာကို လှလှပပနှင့် အမျိုးမျိုး ပြုလုပ်စားသောက်တတ်သူများ ဖြစ်သော်လည်း အစားအစာနှင့်ဆက်နွယ်နေသော ဓာတုပစ္စည်းများ၏ အန္တရာယ်ကို သိသူနည်းပါးလှပါသည်။ ထို့ကြောင့် အစားအစာများတွင် ပါဝင်နေသော ဓာတုပစ္စည်းအချို့၏ အန္တရာယ်များကို သိရှိနားလည်ပြီး ကာကွယ်ရှောင်ရှားနိုင်ရန်အတွက် ရည်ရွယ်ပြီး တင်ပြရခြင်းဖြစ်ပါသည်။ တာရှည်ခံဓာတုဆေး ကော်ဖီ အနံ့ နှင့် အုန်းခွံ၊ ပဲနီစေ့အမှုန့်များပါဝင်သော ကော်ဖီမစ်များ၊ အရောင်ချွတ်ထားသော အစားအသောက်များ၊ ဆိုးဆေးများအသုံးပြုထားသော အစားအသောက်များ ဓာတုဟိုမုန်းဆေးများ အသုံးပြုထားသော မုန်လာဥ၊ ပဲပင်ပေါက်၊ ပိုးသတ်ဆေးအပြင်းစားများ သုံးစွဲထားသော ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်၊ မုံညှင်းထုပ်များတွင် ပိုးသတ်ဆေးအကြွင်းအကျန်များ ဆေးဖျန်း၍ မှည့်အောင် ပြုလုပ်ထားသော အသီးများ၊ ဗီဇ ပြုပြင်ထား သော အသီးများ၊ ပဲဆီ၊ နှမ်းဆီအတုများ၊ အချဉ်ရည်အသုံးပြုထားသော အကင်များနှင့် အသုပ်စုံများသည် စားသုံးသူများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည့် အစားအစာများဖြစ်ပါသည်။ မြန်မာတို့ ကြိုက်နှစ်သက်ပြီး ရိုးရာအစားအစာတစ်ခုဖြစ်သည့် မုန့်ဟင်းခါးဟင်းရည်နှင့် တွဲဖက်စားရသည့် မုန့်ဖတ်တွင် ဖော်မလင်ဓာတုပစ္စည်းများဖြင့် ကြာရှည်ခံအောင် ပြုလုပ်ထားပြီး ငါးပိရည်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှအဆက်



ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ကျိုက်မရောမြို့နယ်၊ ပေါင်မြို့နယ်၊ ဘီလင်းမြို့နယ်နှင့် ရေးမြို့နယ်တို့တွင်လည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့် စားသုံးသူတိုင်ကြားမှုအပေါ် ဖြေရှင်းဆောင်ရွက်ပုံအဆင့်ဆင့်နှင့် ပတ်သက်၍ Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍လည်း မော်လမြိုင်ခရိုင်ရှိ မုန့်လုပ်ငန်းရှင်နှင့် သွားရောက်တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များနှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြမှုဆိုင်ရာ အချက်ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ငွမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သည့် အင်္ဂလိပ်စာ အခြေခံသင်တန်းရှိ သင်တန်းသား ၊သင်တန်းသူများအား စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ပြဋ္ဌာန်းချက်ပါ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ ကုန်စည်များ ဝယ်ယူသုံးစွဲရာတွင် ပြည့်စုံစွာ ဖော်ပြထားသော ကုန်စည်များကိုသာ ဝယ်ယူသုံးစွဲကြရန်၊ ဆိုးဆေးများ အလွန်အကျွံ အသုံးပြုထားသော ချိုချဉ်များအား ဝယ်ယူစားသုံးခြင်း မပြုကြရန် အသိပညာပေးဟောပြောခဲ့ကြောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ညောင်ရွှေမြို့၊ မင်္ဂလာဈေးရှိ ဈေးသူဈေးသားများအား စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း၊ တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ စားသုံးသူကာကွယ်ရေး အကြောင်းသိကောင်းစရာများ Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင်ဦးစီးမှူးရုံးခန်း၌ ဆန်ကုန်သည်နှင့် ဆန်လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:ပြည်နယ်ဦးစီးမှူးရုံးများ**

## စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတို့နှင့် စပ်လျဉ်းသည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ မေလအတွင်း အသိပညာပေးဟောပြောပွဲ ( ၁၉၀) ကြိမ်၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း ( ၃၁၇ ) ကြိမ်၊ သင်တန်းဖွင့်လှစ်ခြင်း( ၁ )ကြိမ်၊ ဆောင်ရွက်ခဲ့ပြီး တစ်နိုင်ငံလုံးရှိ လူဦးရေ ၅၃ ဒသမ ၃၉ သန်းတွင် လူဦးရေ ၅ ဒသမ ၆၇ သန်းခန့်အား အသိပညာပေးနိုင်ခဲ့သည့်အတွက် လွှမ်းခြုံမှုရာခိုင်နှုန်းအနေဖြင့် ၁၀ ဒသမ ၇၁ ရာခိုင်နှုန်း ရှိပြီဖြစ်ကြောင်း သတင်းရရှိပါသည်။ **Source:** ပညာပေး



# စားသုံးသူတိုင်ကြားမှုနှင့်ဖြေရှင်းပေးမှုကဏ္ဍ

## ယာဉ်လိုင်းဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

မကွေးတိုင်းဒေသကြီးနေ တိုင်ကြားသူတစ်ဦးသည် မန္တလေးမြို့မှ မကွေးမြို့သို့ ယာဉ်လိုင်းတစ်ခုဖြင့် ငွေကျပ် ၄၃၉,၀၀၀/- တန်ဘိုးရှိ (Redmi 13C) ပါဆယ်ထုပ်အား တန်ဆာခပေးချေ၍ ပို့ဆောင်ခဲ့ရာ ပါဆယ်ထုပ်သွားရောက်ထုတ်ယူချိန်တွင် အခြားတစ်ဦးမှ ထုတ်ယူသွားပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပါဆယ်ထုပ်ပျောက်ဆုံးမှုအပေါ် တာဝန်ယူမှုမရှိသောကြောင့် တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများက တိုင်ကြားခံရသည့် ယာဉ်လိုင်းမှ တာဝန်ရှိသူ၊ တိုင်ကြားသူနှင့် သက်ဆိုင်ရာဌာနများဖြစ်သော ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ကွပ်ကဲရေးကော်မတီမှ တာဝန်ရှိသူများထံသို့ ညှိနှိုင်းဖြေရှင်းနိုင်ရေး အကြောင်းကြားစာပေးပို့ခဲ့ရာ ယာဉ်လိုင်းမှ ပါဆယ်ထုပ်ပျောက်ဆုံးမှုအတွက် ငွေကျပ် ၃၀၀,၀၀၀/-ကို ပေးလျော်ခဲ့ပြီး တိုင်ကြားသူမှလည်း ကျေနပ်မှုရရှိခဲ့သည့်အတွက်



ဌာနမှတာဝန်ရှိသူများက တိုင်ကြားခံရသည့် ယာဉ်လိုင်းအား ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် ပို့ဆောင်ရမည့် ကုန်စည်များကို ပစ္စည်းပို့ဆောင်သူရှေ့မှောက်တွင် စနစ်တကျ ဖွင့်ဖောက်စစ်ဆေးပြီးမှသာ ကုန်စည်၏ တန်ဖိုးကိုလိုက်၍ တန်ဆာခတောင်းခံပြီး မိမိတို့ ဂိတ်မှ ဝန်ဆောင်မှုပေးရာတွင် တာဝန်ယူမှု/တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်သွားရန် ဝန်ခံကတိ လက်မှတ်ရေးထိုးစေခဲ့ပြီး တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှု အခြေအနေ

ရှမ်းပြည်နယ်မှ တိုင်ကြားသူတစ်ဦးသည် XXX တရုတ်-မြန်မာ ကုန်စည်ပို့ဆောင်ရေးမှတစ်ဆင့် တရုတ်ပြည်ရှိ ကုန်သည်ထံသို့ ငွေပေးချေ၍ ဝယ်ယူထားသောပစ္စည်းများ မရောက်လာဘဲ ပျောက်ဆုံးသွားခြင်းအပေါ် ပစ္စည်းတန်ဖိုးအပြည့်ပေးလျော်ရန် ငြင်းဆိုနေသောကြောင့် တိုင်ကြားလာပါသည်။ တိုင်ကြားမှုနှင့် ပတ်သက်၍ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် XXX တရုတ်-မြန်မာ ကုန်စည်ပို့ဆောင်ရေးသို့ ဆက်သွယ်စုံစမ်းမေးမြန်းရာ ပစ္စည်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်းနှင့်

စာမျက်နှာ ၆ ကော်လံ ၁ သို့

*စာမျက်နှာ ၅ မှအဆက်*

တိုင်ကြားစာပါ ပစ္စည်းတန်ဖိုးသည် ယွမ် (၄၉၀) မဟုတ်ဘဲ ယွမ်(၁၀၀)သာ ဖြစ်ဟု ပြန်လည်ဖြေကြားခဲ့ကြောင်း၊ ဌာနအနေဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဂ) အရ ရိုးရှင်းမှန်ကန်သာ အချက်အလက်များပေးရန် ပျက်ကွက်ခြင်းကြောင့် တိုင်ကြားခံရသည့်ကုမ္ပဏီအား စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ (၅၂)၊ ပုဒ်မခွဲ (ဃ) အရ ဆုံးရှုံးမှုတန်ဖိုးနှင့်အညီ ငွေပြန်လည်ပေးစေခြင်း အမိန့်ကို ချမှတ်ခဲ့ပါကြောင်း၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်မှ စားသုံးသူစစ်နာဆုံးရှုံးမှုအပေါ် ယွမ် (၁၀၀)နှင့် ညီမျှသော မြန်မာငွေကျပ် ၅၀,၅၀၀/-အား တိုင်ကြားသူထံ ပြန်လည်ပေးအပ်ခဲ့ပြီး တိုင်ကြားသူမှလည်း ကျေနပ်မှုရှိသဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**Source: CICC**

၂၀၂၄ ခုနှစ်၊ မေလအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | မေလ တိုင်ကြားမှု | | တိုင်ကြားသည့်နည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန် ကျန်ရှိမှု | ဆောင်ရွက်မှုအခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | ဧပြီလ ဖြေရှင်းရန်ကျန် | မေလ | ပေါင်း | ဧပြီလထိ လက်ကျန်မှ | မေလ ကုန်စည် | မေလ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | ၁ | ၁ | | | | | ၁ | ၁ | | | | ၀ | ၁ | ၀.၀၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၄ | ၂ | | ၁ | ၁ | ၃ | ၄ | ၇ | ၁ | | ၂ | ၃ | ၄ | ၄၂.၈၆% |
| ၈ | မကွေးတိုင်းဒေသကြီး | | ၁ | | | | ၁ | ၁ | ၁ | ၂ | ၁ | | ၁ | ၂ | ၀ | ၁၀၀.၀၀% |
| ၉ | မန္တလေးတိုင်းဒေသကြီး | | ၂ | ၁ | ၁ | | | ၁၀ | ၂ | ၁၂ | ၇ | | | ၇ | ၅ | ၅၈.၃၃% |
| ၁၀ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | ၂ | | ၂ | | | | ၀ | ၂ | ၀.၀၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃ | ၂၁ | ၁၂ | ၇ | ၃ | ၂ | ၇၄ | ၂၄ | ၉၈ | ၂၀ | | ၂ | ၂၂ | ၇၆ | ၂၂.၄၅% |
| ၁၃ | ရှမ်း(တောင် )တောင်ကြီး | | | | | | | ၁ | | ၁ | ၁ | | | ၁ | ၀ | ၁၀၀.၀၀% |
| ၁၄ | ရှမ်း(မြောက် )လားရှိုး | | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(ရှေ့ )ကျိုင်းတုံခရိုင် | | | | | | | | | | | | | | | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၁ | ၁ | | | ၁ | ၁ | | ၂ | ၂ | | ၁ | | ၁ | ၁ | ၅၀.၀၀% |
| ၁၇ | ပြည်ထောင်စုနယ်မြေ | | ၃ | ၁ | ၁ | ၁ | | ၅ | ၃ | ၈ | ၄ | | ၁ | ၅ | ၃ | ၆၂.၅၀% |
| ၁၈ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၄ | ၃၃ | ၁၇ | ၉ | ၆ | ၅ | ၉၆ | ၃၇ | ၁၃၃ | ၃၄ | ၁ | ၆ | ၅၁ | ၉၂ | ၃၀.၈၃% |
| | | ၃၇ | | ၃၇ | | | | | | | | ၇ | | | | |

**Source: CICC**



*စာမျက်နှာ ၁၄ မှအဆက်*

အရောင်းဆိုင်တို့ရှိ လုပ်ငန်းရှင်များ၊ မကွေးမြို့ရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ အမှတ်(၃/၅/၇/၁၀/၁၁/၁၃) ရပ်ကွက်များရှိ ငံပြာရည်လုပ်ငန်းရှင်၊ ဖရုံစေ့လှော်လုပ်ငန်းရှင်၊ ပဲကြီးလှော်လုပ်ငန်းရှင်၊ ပေါင်မုန့်လုပ်ငန်းရှင်၊ အာလူးကြော်လုပ်ငန်းရှင်၊ မြေပဲယို၊ နှမ်းယိုလုပ်ငန်းရှင်များ၊ အလယ်ပိုင်းရပ်ကွက်ရှိ ပဲပွကြော်လုပ်ငန်းရှင်၊ ရေလယ်ကျွန်းကျေးရွာရှိ ပဲပူးကြော်လုပ်ငန်းရှင်နှင့် ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက်ရှိ မုန့်မျိုးစုံလုပ်ငန်းရှင်များထံသို့ သွားရောက်တွေ့ဆုံ၍ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အသိပညာပေးခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များအကြောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ထားဝယ်ခရိုင်၊ ကော့သောင်းခရိုင်နှင့် မြိတ်ခရိုင်တို့ရှိ ဆေးဆိုင်ပိုင်ရှင်များနှင့် စားသုံးသူပြည်သူများအား စားသုံးသူအခွင့်အရေး(၈)ချက်နှင့် စားသုံးသူများလိုက်နာရမည့်တာဝန်များအကြောင်း၊ online မှ စျေးဝယ်ယူရာတွင် သိသင့်၊ သိထိုက်သည့် အချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာအချက်များ ၊ စားသုံးသူအခွင့်အရေးများနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများအား အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်များအတွင်း စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့်အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် စားသုံးသူအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ မေလအတွင်း ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မိုးညှင်းခရိုင်ဦးစီးမှူးရုံး၌ အရှေ့စုရပ်ကွက်ရှိ စားသုံးသူပြည်သူများနှင့် အုတ်ကျင်းရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ ပေါက်ကုန်းရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌ စားသုံးသူပြည်သူများ၊ ဝိုင်းမော်မြို့၊ မဒိန်ရပ်ကွက်အတွင်းရှိ ရပ်ကွက်(၃)နှင့် ဝါရှောင်ကျေးရွာတို့ရှိစားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများဟောပြောခဲ့ကြောင်း၊ သိမ်အင်းရပ်ကွက်အတွင်းရှိ မျိုးစပါးစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ ဗန်းမော်မြို့ သာစည်ရပ်ကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ဝိုင်းမော်မြို့၊ မဒိန်ရပ်ကွက်အတွင်းရှိ ဆန်စက်လုပ်ငန်းရှင်တို့နှင့်တွေ့ဆုံ၍ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အသိပညာများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များအကြောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း၊ မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မော်လမြိုင်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းနှင့် သူနာပြုသင်တန်းကျောင်း၊ သထုံခရိုင်၊ ပေါင် မြို့နယ်ရှိ ယဉ်ကျေးလိမ္မာသင်တန်းကျောင်းတို့ရှိကျောင်း အုပ်ကြီးများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဘီလင်း မြို့နယ် မဂ်လာစျေး၌ စားသုံးသူပြည်သူများအား စားသုံးသူ

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

စာမျက်နှာ ၁၃ မှအဆက်

လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ပါကြောင်း၊ ထို့ပြင် ပြည်မြို့နယ်၊ ရွှေတောင်မြို့နယ်၊ပေါက်ခေါင်းမြို့နယ်၊ ပန်းတောင်းမြို့နယ်တို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များလည်း ဆောင်ရွက်ခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မကွေးခရိုင်အတွင်းရှိ ချောက်မြို့ ပြည်သူ့ဆေးရုံ၌ ကျန်းမာရေး ကြီးကြပ်သင်တန်းသားများ၊ မကွေးမြို့၊ ချောက်မြို့နှင့် ရေနံချောင်းမြို့များရှိ ကျေးရွာများနှင့် တောင်တွင်းကြီးမြို့ ဇေယျမင်္ဂလာရပ်ကွက်ရှိ အပူရှောင်စခန်းတို့မှ စားသုံးသူ ပြည်သူများ၊ မြို့သစ်မြို့ ဝါးကြီးအိုင်ကျေးရွာရှိ ဘော်ဒါဆောင်များမှ ကျောင်းသား၊ ကျောင်းသူများ၊ တောင်တွင်းကြီးမြို့ စည်ပင်သာယာခန်းမရှိ ပြည်သူများ၊ မကွေးမြို့၊မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပြည်သူများ၊ မင်းဘူး စည်ပင်ဈေး၊ စလင်းမြို့မဈေးတို့ရှိ ပြည်သူများ၊ ဆိပ်ဖြူမြို့ စည်ပင်သာယာရုံးရှိ ဝန်ထမ်းများ၊ ပခုက္ကူမြို့ မြို့နယ်သမဝါယမရုံးရှိ ဝန်ထမ်းများ၊ မကွေးမြို့၊ နတ်ကန်ကျေးရွာရှိ ပြည်သူများ၊ မကွေးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေ လာရောက်ထုတ်ယူသော သမန်းတောကျေးရွာအုပ်စုမှ တောင်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ချောက်မြို့၊ မင်းဘူးမြို့ ၊ မင်းတုန်းမြို့၊ ကံမမြို့၊ သရက်မြို့၊ မြိုင်မြို့၊ ရေစကြိုမြို့နှင့် ပခုက္ကူမြို့တို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များဆောင်ရွက်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုအနေဖြင့် မကွေးမြို့၊ မြို့သစ်မြို့၊ ရေနံချောင်းမြို့၊ ချောက်မြို့၊ နတ်မောက်မြို့၊ တောင်တွင်းကြီးမြို့များရှိ ကုန်မျိုးစုံအရောင်းဆိုင်များ၊ စတိုးဆိုင်များ၊ အလှကုန်အရောင်းဆိုင်များနှင့် စားသောက်ကုန်အရောင်းဆိုင်တို့ရှိ လုပ်ငန်းရှင်များ၊ တောင်တွင်းကြီးမြို့၊ မကွေးမြို့နှင့် မင်းတုန်းမြို့တို့ရှိ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ မကွေးမြို့ရှိ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ မကွေးမြို့၊ ရေနံချောင်းမြို့၊ ချောက်မြို့များရှိ ဆန်အရောင်းဆိုင်များမှ လုပ်ငန်းရှင်များ၊ ပွင့်ဖြူမြို့၊ စလင်းမြို့၊ မင်းဘူးမြို့များရှိ ဆန်စက်လုပ်ငန်းနှင့် ဆန်အရောင်းဆိုင်လုပ်ငန်းရှင်များနှင့် ရေနံချောင်းမြို့၊ တောင်တွင်းကြီးမြို့၊ ကံမမြို့ရှိ ဆန် အရောင်းဆိုင်လုပ်ငန်းရှင်များ၊ ချောက်မြို့နှင့်ကံမမြို့ရှိ အိမ်ဆောက် ပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ မကွေးမြို့နှင့် မင်းဘူးမြို့ရှိ ဆီစက်လုပ်ငန်းရှင်များ၊ ကံမနှင့် အောင်လံမြို့များရှိ စားသုံးဆီအရောင်းဆိုင်များ၊ မင်းဘူးခရိုင် ပွင့်ဖြူ၊ မင်းဘူး၊ စလင်းမြို့များရှိ ကုန်မျိုးစုံ အရောင်းဆိုင်၊ စတိုးဆိုင်၊ အလှကုန်အရောင်းဆိုင်များနှင့် စားသောက်ကုန်အရောင်းဆိုင်တို့ရှိ လုပ်ငန်းရှင်များ၊ သရက်ခရိုင်အတွင်းရှိ သရက်၊ မင်းတုန်း၊ အောင်လံ၊ ဆင်ပေါင်ဝဲ မြို့များရှိ ကုန်မျိုးစုံ အရောင်းဆိုင်၊ စတိုးဆိုင်၊ အလှကုန် အရောင်းဆိုင်များနှင့် စားသောက်ကုန်အရောင်းဆိုင်တို့ရှိ လုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း အသိပညာပေးခြင်း၊ ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ ဂန့်ဂေါ၊ ဆိပ်ဖြူမြို့များရှိ ကုန်မျိုးစုံအရောင်းဆိုင်၊ စတိုးဆိုင်၊ အလှကုန်အရောင်းဆိုင်များနှင့် စားသောက်ကုန်

စာမျက်နှာ ၁၅ ကော်လံ ၁ သို့



## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

## တိုင်းဒေသကြီးအသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးများအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် မေလအတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် အင်းစိန်မြို့နယ်၊ အင်းစိန်ဈေးတွင် စားသုံးဆီအမျိုးမျိုး ရောင်းချလျက်ရှိသော ဆိုင်များ၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်အတွင်းရှိ စည်ပင်သာယာ မြို့မဈေးအတွင်း၊ အပြင်နှင့် ရပ်ကွက်များတွင် အသင့်သောက်အချိုရည်အမျိုးမျိုးရောင်းချလျက်ရှိသော ဆိုင်များ၊ ရှုခင်းသာမြို့ပတ်လမ်း၊သာကေတမြို့နယ်ရှိ ဆေးသိုလှောင်ရုံ၊တိုက်ကြီးမြို့နယ်အတွင်းရှိဆေးဆိုင်များ၊ ဗန်းမော်အတွင်းဝန်လမ်း၊ ဇုန်(၃)လှိုင်သာယာမြို့နယ်ရှိ စက်ရုံများသို့ သွားရောက်၍ စားသုံးသူကာကွယ်ရေး ဥပဒေတွင်ဖော်ပြထားသည့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြထားခြင်း ရှိ/မရှိ၊ ဆေးဝါးများအား ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ/မရှိ၊ ဆေးဝါးများ ပစ္စည်းပြတ်လတ်မှုရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ငါန်းဇွန်မြို့နယ် စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ အလှကုန်ပစ္စည်းရောင်းချနေသော ဈေးဆိုင်များ၊ ဝမ်းတွင်းမြို့နယ်အတွင်းရှိ အလှကုန်ပစ္စည်းအရောင်းဆိုင်များ၊ မိတ္ထီလာခရိုင်၊ ပျော်ဘွယ်မြို့ပေါ်ရှိ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များ၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့ မြို့မဈေးအတွင်းရှိ လူသုံးကုန်နှင့် စားသောက်ကုန်များ ရောင်းချသည့် အရောင်းဆိုင်များ၊ ကျောက်ဆည်မြို့ပေါ်ရှိ ဆေးနှင့်ဆေးပစ္စည်း လက်လီ လက်ကားအရောင်းဆိုင်များ သို့သွားရောက်၍ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာအချက်အလက်များ ပြည့်စုံကိုက်ညီမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပုသိမ်ခရိုင်အတွင်းရှိ ကျုံပျော်မြို့နယ်၊ မြို့မဈေးအတွင်းရှိ ဆန်ဆိုင်များ၊ စားသုံးဆီအရောင်းဆိုင်များ၊ အင်းရဲလမ်းရှိ ကုန်မျိုးစုံဆိုင်များ၊ ငပုတောမြို့နယ် မြို့မဈေးအတွင်းရှိ ဆန်ဆိုင်၊ စားသုံးဆီအရောင်းဆိုင်များ၊ ပုသိမ်မြို့နယ် မြို့မဈေးအတွင်းရှိ ဆန်ဆိုင်၊ ရေကြည်မြို့ပေါ်ရှိ ဆန်ဆိုင်၊ စားသုံးဆီအရောင်းဆိုင်များ၊ ကျောင်းကုန်းမြို့ပေါ်ရှိ ဆန်ဆိုင်၊ စားသုံးဆီအရောင်းဆိုင်၊ ဖျာပုံမြို့နယ်၊မြို့မဈေးရှိ ကုန်မျိုးစုံဆိုင်များ၌

စာမျက်နှာ ၈ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှအဆက်

ရောင်းချလျက်ရှိသော စားသုံးဆီများ၊ ရပ်ကွက်အတွင်းရှိ စတိုးဆိုင်များ၊ (၁၄)ရက်ကွက်ရှိ ဆန်စက်၏ လောင်စာတောင့်လုပ်ငန်း၊ ဆေးဆိုင်၊ စိုက်ပျိုးသုံးပစ္စည်းအရောင်းဆိုင်များ၊ ဘိုကလေးမြို့နယ်၊ ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များ၊ ဆန်စက်များ၊ အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်များ၊ ကျိုက်လတ်မြို့နယ်ရပ်ကွက်အတွင်းရှိ ဆေးဆိုင်များ၊ စတိုးဆိုင်များ၊ မြို့မဈေးအတွင်းရှိ စားသုံးဆီဗူးများ၊ တပေတမော့ကျေးရွာရှိ စက်သုံးဆီဆိုင်များ၊ ဒေးဒရဲမြို့နယ်၊ မြို့မဈေးရှိ ရေသန့်ဘူးအရောင်းဆိုင်များ၊ ရပ်ကွက်အတွင်းရှိ ဘိလပ်မြေဆိုင်များ၊ စတိုးဆိုင်များ၊ တော်လှ၀ကျေးရွာရှိ ဆန်စက်၊ တော်ကမယ်ကျေးရွာရှိ ဆန်စက်တို့အား ကွင်းဆင်းစစ်ဆေးပြီး၊ ကျိုက်လတ်မြို့နယ် မြို့မဈေး၊ ဒေးဒရဲမြို့နယ် မြို့မဈေး၊ ဖျာပုံမြို့နယ်၊ မြို့ပေါ် ရပ်ကွက်နှင့် ဘိုကလေးမြို့နယ်၊ (၅) ရပ်ကွက်တို့ရှိ ဆန်ဆိုင်ကြီးများ၊ ဆန်အမျိုးမျိုး၏ ဈေးနှုန်းနှင့် ဆန်လက်ကျန်များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်များရှိ အလှကုန်ဆိုင်များ၊ ဆေးဆိုင်များ၊ စတိုးဆိုင်များရှိ ကလေးတကိုယ်ရည်သုံးပစ္စည်းများတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံခြင်း ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေး ခဲ့ပါကြောင်း၊ ထို့အပြင် မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်ရှိ ဖယောင်းတိုင်လုပ်ငန်း၊ ညောင်တုန်းမြို့နယ်ရှိ ဆန်စက်၊ မအူပင်မြို့နယ်ရှိ မုန့်မျိုးစုံလုပ်ငန်းသို့ သွားရောက်၍ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာပါဝင်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့် ရရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေးတို့အတွက် ဈေးကွက် အတွင်းရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းတို့ကို စုစုပေါင်း (၃၀) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့သို့ ဆောင်ရွက်ရာတွင် တစ်နှစ်တာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် (၁၀) မျိုးအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပြည်ခရိုင်၊ ပြည်မြို့၊ ရွှေတောင်မြို့၊ ဥသျှစ်ပင်မြို့နှင့် ပေါက်ခေါင်းမြို့များရှိ စတိုးဆိုင်များနှင့် ကလေးသုံးပစ္စည်းအရောင်းဆိုင်များ၊ နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် နတ်ပုတီးကျေးရွာ၌ ထုတ်လုပ်နေသော ဖိနပ်လုပ်ငန်း၊ ကြာနီကန်ရပ်ကွက်၊ မြို့သစ်ရပ်ကွက်နှင့် သရက်တောရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များ၊ ပေါက်ခေါင်းမြို့နှင့် ပန်းတောင်းမြို့၊ ဥသျှစ်ပင်ဈေးနှင့် ဥသျှစ်ပင်မြို့ရှိ ကုန်စုံဆိုင်နှင့် ပန်းတောင်းဈေး အတွင်းရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ သက်ဆိုင်ရာဌာနများမှလည်း သတ်မှတ်လိုင်စင်များ ရှိ/မရှိစစ်ဆေးပြီး၊ စားသုံးရန် သို့မဟုတ် အသုံးပြုရန် မသင့်သည့် ကုန်စည်များအား ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးခဲ့ကြောင်း၊ ခွဲတမ်းရရှိသည့် စားအုန်းဆီများအားရောင်းချရာတွင် သတ်မှတ်ဈေးထက် ကျော်လွန်မရောင်းချရန်၊ အလေးချိန်မှန်ကန်စွာ ရောင်းချပေးရန်နှင့် ပစ္စည်းပြတ်လပ်မှုအခြေအနေ၊ ဈေးနှုန်းမြင့်တင်ရောင်းချမှုအခြေအနေများရှိ/မရှိ၊ ကုန်အညွှန်းအမှတ်အသားပါ

စာမျက်နှာ ၉ ကော်လံ ၁ သို့



စာမျက်နှာ ၁၂ မှအဆက်

ပြည့်စုံမှုရှိသောကုန်ပစ္စည်းများ ဈေးကွက်အတွင်း ရောင်းချနိုင်ရေး ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ဒေးရဲမြို့နယ်၊ မြောင်းမြမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ လပွတ္တာမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ ပန်းတနော်မြို့နယ်တို့ရှိ မြို့နယ် တာဝန်ခံရုံးများတွင် ဆီလုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဆီဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမရှိစေရန် ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက် တိုင်းဒေသကြီးအကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းမိသားစုများ၊ တိုင်းဒေသကြီးမြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ စားသုံးသူပြည်သူများ၊ တမူးမြို့နယ်၊ ဈေးတန်းရပ်ကွက်၊ ကိုယ်ပိုင်အထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့်ကျောင်းသူ ကျောင်းသားများ၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက် သောက်ရေသန့်စက်ရုံရှိ စားသုံးသူပြည်သူများ၊ ကန့်ဘလူမြို့ မြို့မဈေးရှိ ဈေးသည်များ၊ စစ်ကိုင်းမြို့၊ ခရိုင်ပြန်ဆက်မှ ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းရှိ သင်တန်းသားများ၊ စစ်ကိုင်းမြို့၊ ရတနာပုံတံတားရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးပူးပေါင်းအဖွဲ့ ဝန်ထမ်းများ၊ မုံရွာမြို့၊ အ. ထ. က(၂) တွင် ပြုလုပ်သည့် အလယ်အလတ်အဆင့်မွမ်းမံသင်တန်းရှိ သင်တန်းသားများ၊ မုံရွာမြို့ စက်မှုဇုန်ရှိ ပဲကြော်စက်ရုံမှ ဝန်ထမ်းများ၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အမှတ် (၁၀) ကုန်းဘောင်ရပ်၊ အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းများအား ဌာန၏ မျှော်မှန်းချက်များ၊ ရည်မှန်းချက် တာဝန်များ၊ စားသုံးသူအခွင့်အရေးများ၊ တာဝန်များ၊ ဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် စားသုံးသူတိုင်ကြားမှုဖြစ်စဉ်များကို အသိပညာပေးဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးအသိပညာပေးမှုများကိုလည်း စုစုပေါင်း (၂၇) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးဆောင်ရွက်ခြင်းများ ပြုလုပ်ရာတွင် စီးပွားရေးလုပ်ငန်းရှင်တို့၏တာဝန်များ၊ လိုက်နာရမည့်အချက်များ၊ ကုန်စည်နှင့်စပ်လျဉ်း၍ ဖော်ပြရမည့်အာမခံများ၊ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များ ပြည့်စုံစွာပေးရန်၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ရန်အချက်များကို ရှင်းလင်း ဆွေးနွေးအသိပညာပေးခြင်း၊ ရည်ညွှန်းဈေးသတ်မှတ်ထားသော ကုန်စည်များအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချစေရေးဆွေးနွေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပြီး၊ စီးပွားရေးလုပ်ငန်းရှင်နှင့်သက်ဆိုင်သော လက်ကမ်းစာစောင်များ၊ စားသုံးသူကာကွယ်ရေးဥပဒေစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် သရက်တောရပ်ကွက်၊ ယုဇနလမ်းရှိ ရှောက်တောင့်လုပ်ငန်းရှင်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက် ဆန်ကုန်သည်နှင့် ဆန်လုပ်ငန်းရှင်များအသင်းရှိ ဆန်လုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုရာတွင် နစ်နာဆုံးရှုံးမှုများ ဖြစ်လာပါက တိုင်ကြားနိုင်သည့် အကြောင်းအရာများ အသိပညာပေးဆွေးနွေးခဲ့ပြီး

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

*စာမျက်နှာ ၁၁ မှအဆက်*

ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးအနေဖြင့် မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည် မြို့နယ်၊ အောင်သာယာဈေးရှိ ဈေးသူ၊ဈေးသားများ၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြို့နယ် အားကစားခန်းမတွင် အားကစားလူငယ်များ၊ မိတ္ထီလာ ခရိုင်၊ သာစည်မြို့နယ်၊ ဇီးပင်ပေါက်ကျေးရွာနှင့် သာယာ ကုန်းကျေးရွာရှိ ပြည်သူများအား စားသုံးသူကာကွယ်ရေး နှင့်ပတ်သက်၍ အသိပညာပေးဟောပြောဆွေးနွေးခဲ့ရာ စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူများ၏ အခွင့်အရေးများနှင့်လိုက်နာရမည့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏တာဝန်များ၊ တားမြစ်ချက်များနှင့် စားသုံးသူများနစ်နာဆုံးရှုံးမှုများရှိလာပါက တိုင်ကြား နိုင်သည့် နည်းလမ်းများ ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး အနေဖြင့် ဟင်္သာတမြို့၊ ပန်းဘဲတန်းရပ်ကွက်ရှိ သူနာပြု သင်တန်းကျောင်း၌ နည်းပြဆရာနှင့်ဆရာမများ၊ သင်တန်းသားနှင့် သင်တန်းသူများ၊ ချောင်းဖျားလေး ကျေးရွာအုပ်စုရှိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပပြုလုပ်သော ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံး နိုင်ခြေစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သို့ တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများ၊ ကျိုက်လတ် (၆)ရပ်ကွက်ရှိ ပြည်သူများ၊ ဖျာပုံမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဓမ္မရိပ်သာအသင်းရှိ ပြည်သူများ၊ ဘိုကလေးမြို့နယ်၊ ဒေးဒရဲမြို့နယ်နှင့် ဖျာပုံ မြို့နယ်တို့ရှိ စားသုံးဆီလုပ်ငန်းရှင်များအသင်း၊ ကျိုက်လတ်မြို့နယ်၊ ရွှေကုန်သည်လုပ်ငန်းရှင်များအသင်း၊ ကျောင်းကုန်းမြို့နယ် ထန်းတပင်ယျောကျေးရွာနှင့် ကွမ်းခြံကုန်းကျေးရွာရှိ ပြည်သူများ၊ ငပုတောမြို့နယ်ရှိ ပြည်သူများ၊ ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာနရှိ ဝန်ထမ်းမိသားစုများ၊ သာပေါင်းမြို့နယ် အမှတ်(၁)ရက်ကွက်ရှိ ပြည်သူများ၊ ကန်ကြီးထောင့်မြို့နယ် ပန်းပင်ဆိပ်ကျေးရွာရှိ ပြည်သူများ၊ ကျုံပျော်မြို့နယ်၊ မြို့မဈေးအတွင်းရှိ ပြည်သူများ၊ ကျိုက်လတ်မြို့နယ်၊ တံခွန်တိုင်ကျွဲကူးကျေးရွာ အထက- ခွဲနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနတွင် ပြုလုပ်သည့်စာဖတ်ဝိုင်းရှိပြည်သူများ၊ ဘိုကလေးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနရုံးတွင် (၁) ရပ်ကွက်နှင့်(၂) ရပ်ကွက်တို့ရှိ ပြည်သူများအား စားသုံးသူကာကွယ်ရေး ဆိုင်ရာ အသိပညာများဟောပြောပေးခဲ့ပြီး၊ ဘိုကလေး မြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဖျာပုံမြို့နယ်၊ ဒေးဒရဲ မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပူးပေါင်း၍ Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့် ပတ်သတ်၍ ငပုတောမြို့နယ် လိပ်ချောင်း ကျေးရွာရှိ တံမြက်စည်းလုပ်ငန်းရှင်၊ သာပေါင်းမြို့နယ်ရှိ သီဟိုဠ် လုပ်ငန်းရှင်များ၊ ဂျုံးဂျုံးကျ ကျေးရွာရှိ စပါးစိုက်တောင်သူ၊ လှေကြီးတပ် ကျေးရွာရှိ ဆန်စက်လုပ်ငန်းရှင်၊ ပုသိမ် ခရိုင်ရှိ ဖုန်းဆိုင်ပိုင်ရှင်များ၊ အချိုရည်လုပ်ငန်းရှင်၊ ကျောင်းကုန်းမြို့နယ် မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင် လုပ်ငန်းရှင်များနှင့် ကုလားစုကျေးရွာရှိ စားသုံးဆီ လုပ်ငန်းရှင်၊ ကန်ကြီးထောင့်မြို့နယ်၊ ညောင်တုန်း မြို့နယ်နှင့် ဓနုဖြူမြို့နယ်တို့ရှိ ကုန်မျိုးစုံရောင်းချနေသော လုပ်ငန်းရှင်များတို့ကိုတွေ့ဆုံ၍ ကုန်အညွှန်းအမှတ်အသား

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့*



*စာမျက်နှာ ၈ မှအဆက်*

သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော ကုန်စည်များကို တင်သွင်းရောင်းချခြင်း ရှိ/မရှိ၊ သက်ဆိုင်ရာဌာန၏ ထောက်ခံမှုရှိ/မရှိ ဈေးကွက် စောင့်ကြည့်စစ်ဆေးခဲ့ပါ ကြောင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပွင့်ဖြူမြို့၊ မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်များရှိ ကုန်စုံဆိုင်များနှင့် ပခုက္ကူမြို့၊ အမှတ် (၂) စည်ပင်သာယာဈေးရှိ ကုန်စုံဆိုင် များအား သွားရောက်၍ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့်ထုတ်ပြန်ထားသော အစားအသောက် (၂) မျိုးဖြစ်သည့် စံထိပ်ထားအမှတ် တံဆိပ် မြန်မာရိုးရာပုန်းရည်ကြီး၊ ဒွါရာဝတီ အသင့်စား ရခိုင်ငပိထောင်းများ ရောင်းချမှုရှိ/မရှိ၊ ပခုက္ကူမြို့ အမှတ်(၁၂ /၆) ရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ ဂန့်ဂေါမြို့ မြို့မဈေးရှိ ကုန်စုံဆိုင်များ၊ ပခုက္ကူမြို့၊ အမှတ်(၁၁) ရပ်ကွက်ရှိ ကုန်စုံဆိုင်များနှင့် ဆိပ်ဖြူမြို့ ပတ္တမြားဈေးရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ထုပ် အမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ပါဝင်မှုရှိ /မရှိ၊ ပွင့်ဖြူမြို့၊ မြို့မဈေးအတွင်းရှိ ကုန်စုံ ဆိုင်များကို သွားရောက်၍ မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ မဖော်ပြထားသော အသင့်စားခေါက်ဆွဲခြောက်များ၊ သက်တမ်းလွန်နေသော စားသောက်ကုန်များနှင့်တရားမဝင်တင်တင်သွင်းထားသော ကုန်ပစ္စည်းများ ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေး ခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ထားဝယ်မြို့ပေါ်ရှိ တဂူသိမ်ဈေး၊ ဆေးဆိုင်များနှင့် မုန့်တိုက်များ၊ မြိတ်မြို့ပေါ်ရှိ ဆေးဆိုင်များ၊ ကော့သောင်း မြို့ပေါ်ရှိ ဆေးဆိုင်များနှင့် ကုန်စုံဆိုင်များအား သွား ရောက်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ဆိုင်များအား စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူအသုံးပြုနိုင်စေရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံ ချက်များပါရှိမှု ရှိ/မရှိ၊ ကုန်ညွှန်း အမှတ်အသားဖော်ပြရာတွင် စားသုံးသူ ကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ပြထား ရှိမှုများ ရှိ/ မရှိ စစ်ဆေးခြင်းနှင့် အသိပညာပေးလက် ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ

## ပြည်နယ်အသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ် ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ် ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေး အတွက် သက်ဆိုင်ရာပြည်နယ်များအလိုက် ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိရာ ၂၀၂၄ ခုနှစ် မေလအတွင်း ကချင်ပြည်နယ် ဦးစီးမှူးရုံးအနေဖြင့် မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ မင်းရပ်ရပ်ကွက်၊ မန်ခိန်ရပ်ကွက်နှင့် ရမ်ပူရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များ၊ ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်နှင့်အလယ်ရပ် ရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များ၊ ဟန်းတဲရပ်ကွက်နှင့် ညောင်ပင်ရပ်ကွက်တို့ရှိ စတိုးဆိုင်များ၊ မိုးညှင်းမြို့၊ မိုးဒါးစုရပ်ကွက် ၊မြို့မရပ်ကွက်၊ ရွာသစ်ကုန်းရပ်ကွက်နှင့် ကန်တော်ကုန်းရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များ၊ သာစည်

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၉ မှအဆက်*

ရပ်ကွက်ရှိ ကုန်မျိုးစုံ ဖြန့်ချီရေးကုမ္ပဏီတို့ကို သွားရောက်၍ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ/မရှိထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ/မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြီးပြည့်စုံစွာဖော်ပြထားရှိခြင်း ရှိ/မရှိနှင့် သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ရှိ/မရှိဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ချင်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ဟားခါးမြို့၊ ပြည်တော်ရပ်ကွက်ရှိ ကုန်စုံဆိုင်များအား သွားရောက်၍ ကုန်ပစ္စည်းများတွင် အများပြည်သူနားလည်နိုင်သော မြန်မာဘာသာ သို့မဟုတ် အခြားဘာသာတစ်ခုခုဖြင့် ကုန်အညွှန်းအမှတ်အသား ပြီးပြည့်စုံစွာဖော်ပြထားရှိခြင်း ရှိ/မရှိနှင့် သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများ လူသုံးကုန်ပစ္စည်းများ ရှိ/မရှိ၊ တရားမဝင်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း ဝင်ရောက်လာမှု မရှိစေရန် စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ဘီးလင်းမြို့နယ်၊ ဘိုရာဇာရပ်ကွက်ရှိ မင်္ဂလာဈေး၊ ကန်သာယာရပ်ကွက်ရှိ နီလာဈေးတို့ရှိ ကုန်စုံဆိုင်များ၊ မုံဒိုမြို့နယ်အတွင်းရှိ ကုန်စုံဆိုင်များနှင့် စတိုးဆိုင်များ၊ ကျိုက်ထိုမြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့ရှိ ဆန်ဆိုင်များ၊ ကျိုက်ထိုမြို့၊ မြို့မစည်ပင်သာယာဈေးရှိ ကုန်မျိုးစုံဆိုင်များ၊ မော်လမြိုင်မြို့၊ မုပွန်ကျောက်ချစခန်းသို့ ဝင်ရောက်လာသည့် ဆီတင်သင်္ဘောများ၊ စားအုန်းဆီ တင်ဆောင်လာသောယာဉ်၊ မော်လမြိုင်မြို့နယ်၊ သထုံမြို့နယ်၊ ဘီလင်းမြို့နယ်၊ မုဒုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့ရှိ ဆန်ဂိုဒေါင်များနှင့် ဆန်ဆိုင်ကြီးများ၊ သထုံမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များတို့အား သွားရောက်၍ စားသုံးသူကာကွယ်ရေးဥပဒေတွင် ဖော်ပြထားသည့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ/မရှိ၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက် ရှိ/မရှိ ၊ဘေးအန္တရာယ်ကင်းရှင်းမှုရှိ/မရှိ၊ ဆန်သိုလှောင်ထားသော ဂိုဒေါင်များနှင့် ဆန်ဆိုင်ကြီးများတွင် ဆန်အမျိုးအစားအလိုက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း ရှိ/မရှိ၊ စားအုန်းဆီများ လက်လီရောင်းချနေသော ဆိုင်များတွင် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချပေးခြင်း ရှိ/မရှိ၊ စက်သုံးဆီအမျိုးအစားအလိုက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းအလို့ငှာ သိုလှောင်ထားခြင်း ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် လားရှိုး မြို့၊ စည်ပင်သာယာမြို့မဈေးအတွင်းရှိ စတိုးဆိုင်များနှင့် စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ လားရှိုးမြို့၊ မယ်ဟန်လမ်းရှိ စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းဆိုင်နှင့် ဂိုဒေါင်များနှင့် ရပ်ကွက်(၇)၊ ရန်ကင်းလမ်းရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များတွင် တရားမဝင်ပစ္စည်းများ ရောင်းချနေခြင်း ရှိ/မရှိ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ မန်ကောင်းမူးရွာရှိ မုန့်မျိုးစုံထုတ်လုပ်/ဖြန့်ဖြူးရောင်းချလျှက်ရှိသည့် လုပ်ငန်းအား ထောက်ခံချက် ရှိ/မရှိ၊ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ် အတွင်းရှိ လက်လီ/လက်ကား ရောင်းချလျှက်ရှိသော အလှကုန်ပစ္စည်းအရောင်းဆိုင်များအားသွားရောက်၍ အလှကုန်ပစ္စည်းများတွင် ကုန်အညွှန်းအမှတ်အသားပါရှိမှုရှိ/မရှိ၊ လားရှိုးမြို့၊မြို့မဈေးကြီးအတွင်းရှိ ဆန်ဆိုင်များ နှင့် ကျိုင်းတုံမြို့၊ မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ ၎င်းတို့ရောင်းချနေသော ကုန်ပစ္စည်းများ တွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှန်ကန်စွာဖော်ပြမှု ရှိ/မရှိ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်နှင့်

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှအဆက်*

ဆန်ဆိုင်း(က)ရပ်ကွက်ရှိ ကိတ်/ပေါင်မုန့်လုပ်ငန်းတို့တွင် ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိ/မရှိ၊ ကျိုင်းတုံ- တောင်ကြီးလမ်း၊ ကျိုင်းတုံ-မိုင်းခတ်လမ်းပေါ် စက်သုံးဆီအရောင်းဆိုင်များအား စက်သုံးဆီအချင်အတွယ်ပြည့်ဝမှန်ကန်မှု ရှိ၊ မရှိ၊ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချနေမှု ရှိ/မရှိ၊ ကျိုင်းတုံမြို့၊ ရပ်ကွက်(၃)၊ မြို့သစ်ရပ်အတွင်းရှိ ဝက်ခေါက်နှင့်အမဲခေါက်ထုတ်လုပ်သည့်လုပ်ငန်းအား ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

## ၂၀၂၄ ခုနှစ်၊ မေလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများအသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခဲ့ပါကြောင်း၊ ထို့ပြင် စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ/မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်းပစ္စည်းပြတ်လပ်မှုရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ မေလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (၂၀၁၀ ) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်/လုံ

## ၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/ ၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် (ဇန်နဝါရီလမှ မေလအထိ) အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ ကုမ္ပဏီ (၁၈၃) မှ စိစစ်ရန်တင်ပြလာသည့် ကုန်ပစ္စည်း (၅၈၉) အနက် ကုမ္ပဏီ (၁၈၂)နှင့် ကုန်ပစ္စည်း (၅၈၈) တို့ကို စိစစ်ဆောင်ရွက် ခွင့်ပြုပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်/လုံ

## စားသုံးသူအသိပညာပေးရေးကဏ္ဍ
## တိုင်းဒေသကြီးများအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့်စားသုံးသူအကျိုးစီးပွားကာကွယ်ရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးတို့အတွက် စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*